# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၁၁၂ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
(၂၀၂၃ ခုနှစ် အောက်တိုဘာလ၊ ၁၁ ရက်)

## ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်သည့် တတိယ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအတွက် လျှောက်လွှာကြေး၊ လိုင်စင်ကြေးနှင့် လုပ်ငန်းလိုင်စင် သက်တမ်းတိုးကြေး သတ်မှတ်ခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ (ခ) တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၃၀ အရ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း သို့မဟုတ် မဟာဗျူဟာမြောက်ပတ်ဝန်းကျင်ဆိုင်ရာဆန်းစစ်ခြင်း ပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လိုင်စင်လျှောက်ထားခြင်းအတွက် လိုင်စင် အမျိုးအစားအလိုက် ပေးသွင်းရမည့် လျှောက်လွှာကြေး၊ လိုင်စင်ကြေးနှင့် လုပ်ငန်းလိုင်စင်သက်တမ်း တိုးကြေးတို့ကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

| စဉ် | လိုင်စင်အမျိုးအစား | လျှောက်လွှာကြေး (ကျပ်) | လိုင်စင်ကြေး | | လုပ်ငန်းလိုင်စင်သက်တမ်းတိုးကြေး (ကျပ်) |
|---|---|---|---|---|---|
| | | | နှုန်းထား (ကျပ်) | ကာလ (နှစ်) | |
| (က) | အကြံပေးပုဂ္ဂိုလ်လုပ်ငန်းလိုင်စင် | ၁၀,၀၀၀ | ၅၀၀,၀၀၀ | ၃ | ၃၀၀,၀၀၀ |
| (ခ) | တွဲဖက်အကြံပေးပုဂ္ဂိုလ်လုပ်ငန်းလိုင်စင် | ၁၀,၀၀၀ | ၃၀၀,၀၀၀ | ၃ | ၁၅၀,၀၀၀ |
| (ဂ) | အကြံပေးအဖွဲ့အမျိုးအစား(က) လုပ်ငန်းလိုင်စင် | ၅၀,၀၀၀ | ၂,၀၀၀,၀၀၀ | ၃ | ၁,၅၀၀,၀၀၀ |
| (ဃ) | အကြံပေးအဖွဲ့အမျိုးအစား(ခ) လုပ်ငန်းလိုင်စင် | ၅၀,၀၀၀ | ၁,၀၀၀,၀၀၀ | ၃ | ၇၅၀,၀၀၀ |
| (င) | အထူးလုပ်ငန်းလိုင်စင် | ၁၀၀,၀၀၀ | ၂,၀၀၀,၀၀၀ | - | - |

၃။ ဤအမိန့်ကြော်ငြာစာအရ သတ်မှတ်ထားသော လျှောက်လွှာကြေး၊ လိုင်စင်ကြေးနှင့် လုပ်ငန်းလိုင်စင်သက်တမ်းတိုးကြေးတို့ကို ညွှန်ကြားရေးမှူးချုပ်ရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ငွေစာရင်းအမှတ် MD-012207 မြန်မာ့စီးပွားရေးဘဏ်နေပြည်တော်သို့ ပေးသွင်းရမည်။